တရားမဆိုင်ရာ(စီရင်ချက်ပုံစံ) ၁၃၀။

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၉ ခုနှစ်၊ တရားမအယူခံမှုအမှတ် - ၇၄၂

## ၂၀၂၀ ပြည့်နှစ် ၊ တရားမယူခံမှုအမှတ် - ၄၅

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၆ တွင် ချမှတ်သော ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီအပေါ်အယူခံမှု

| | | |
|---|---|---|
| ၁။ ဦးအိလိယက်(စ်)(ခ) ဦးကျော်ကျော်မိုး<br>၂။ ဦးမိုဟာမက်အာရှရပ်(ခ)ဦးအောင်မျိုးလှိုင် | နှင့် | ဦးကြည်ယုန် |
| ဦးကြည်ယုန် | နှင့် | ၁။ ဦးအိလိယက်(စ်)(ခ)ဦးကျော်ကျော်မိုး<br>၂။ ဦးမိုဟာမက်အာရှရပ်(ခ)<br>ဦးအောင်မျိုးလှိုင် |
| **အယူခံတရားလိုများ** | | **အယူခံတရားပြိုင်** |

| | | |
|---|---|---|
| အယူခံတရားလိုများအတွက် | - | ဦးစောထိန်သိန်း ၊ တရားလွှတ်တော်ရှေ့နေ<br>ဦးသိန်းထွေး ၊ တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားပြိုင်အတွက် | - | ဦးသိန်းထွေး ၊ တရားလွှတ်တော်ရှေ့နေ<br>ဦးစောထိန်သိန်း ၊ တရားလွှတ်တော်ရှေ့နေ |

## စီရင်ချက်

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၅ ရက်

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် ၊ ၂၀၁၈ ခုနှစ် ၊တရားမကြီးမှုအမှတ် ၅၆ တွင် ဦးကြည်ယုန်က ဦးအိလိယက်(စ်)(ခ) ဦးကျော်ကျော်မိုး နှင့် ဦးမိုဟာမက်အာရှရပ်(ခ)ဦးအောင်မျိုးလှိုင် တို့အပေါ် KLASOR ကုန်အမှတ်တံဆိပ်၏ ဖူးဒီဇိုင်းကို ဆင်တူယိုးမှား ထင်ယောင်ထင်ရှား အတုအပ ပြုလုပ်ရောင်းချခြင်းမပြုရန် ထာဝရ တားဝရမ်းထုတ်ပေးစေလိုမှုနှင့် နစ်နာကြေးငွေကျပ်သိန်း (၁၀၂၀၀,၀၀၀၀၀၀)ကျပ်သိန်း တစ်သောင်းနှစ်ရာ တိတိရလိုမှုစွဲဆိုရာ တရားလိုက မှတ်ပုံတင် အသုံးပြုလျက်ရှိသည့် ဘောင်းဘီဒီဇိုင်းဖူးများကို တရားပြိုင်များက ပုံစံတူဆင်တူရိုးမှားပြုလုပ်သုံးစွဲခြင်း

မပြုရန် ထာဝရတားဝရမ်းထုတ်ဆင့်ပေးလိုက်ကြောင်းနှင့် တရားပြိုင်များသည် တရားလိုထံသို့ နစ်နာကြေးငွေကျပ်သိန်း (၅၀၀)ကို ပေးလျော်စေရန် ဒီကရီချမှတ်ခဲ့သည်။ ၎င်းစီရင်ချက်နှင့် ဒီကရီကို တရားပြိုင်များက မကျေနပ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၉ ခုနှစ် ၊ တရားမအယူခံမှု အမှတ် ၇၄၂ ဖြင့်လည်းကောင်း၊ တရားလိုက မကျေနပ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၂၀ ပြည့်နှစ်၊ တရားမအယူခံမှု ၄၅ ဖြင့်လည်းကောင်း အသီးသီးတင်သွင်းလာခြင်းဖြစ်သည်။

အယူခံနှစ်မှုလုံးသည် မူလမှု တစ်မှုတည်းမှ ပေါ်ပေါက်လာခြင်းဖြစ်ပြီး ဆုံးဖြတ်ရန် ပြဿနာနှင့် အမှုသည်များလည်း တူညီသဖြင့် အယူခံနှစ်မှုစလုံးကို တစ်ပေါင်းတည်း အဆုံးအဖြတ် ပေးမည်ဖြစ်ရာ ဤအမိန့်သည် နှစ်မှုစလုံးနှင့် သက်ဆိုင်စေရမည်။

အဆိုလွှာတွင် တရားလိုသည် KLASOR အမည်ဖြင့် အင်္ကျီ ၊ ဘောင်းဘီရှည် ၊ အတွင်းခံ ဘောင်းဘီ ၊ ဆွယ်တာ ၊ စွပ်ကျယ်အစရှိသည်တို့ကို ၂၀၁၄ ခုနှစ် ကတည်းက အမည်ကောင်းသတင်းများ ဖြင့် ထုတ်လုပ်ဖြန့်ချီသည့်လုပ်ငန်းကို လုပ်ကိုင်ခဲ့ပြီး ရန်ကုန်မြို့ ၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ဦးရှင်ငြိမ်းအမည်ဖြင့် မန္တလေးမြို့ ၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ဦးကြည်ယုန်အမည်ဖြင့် ၂၀၁၆ ခုနှစ် က မှတ်ပုံတင်ထားပြီး ထုတ်ပိုးသည့် ဗူးပုံစံ၊ ဗူးဒီဇိုင်းအမျိုးမျိုးတို့ကို မှတ်ပုံတင်ထားရှိကြောင်း ၊ အမျိုးသားဝတ်အတွင်းခံဘောင်းဘီဝတ်ထားသည့်ပုံကို အောက်ခံအဖြူရောင် ၊ အမည်းရောင် (၂) မျိုးဖြင့် လည်းကောင်း ၊ ဗူး၏အောက်ခြေပိုင်းတွင် အစိမ်းနုရောင် ဝါးရုံတောအောက်ခံပေါ်၌ BAMBOOFIBRE ဟု လည်းကောင်း ၊ ဘေးဘယ်ညာ တို့တွင် ပန်းကနုတ်ပုံများဖြင့် အလှပုံဖော်ထားပြီး ဘယ်ဘက် ထောင့်မှန်စတုဂံအတွက် အတွင်း၌ No- SIZE ဟု လည်းကောင်း ဖော်ပြကာ မှတ်ပုံတင်ထားပြီး ၃၁-၇-၂၀၁၆ ရက်နေ့ထုတ် မန္တလေးသတင်းစာနှင့် ၃-၈-၂၀၁၆ ရက်နေ့ထုတ် သံလွင်ကြော်ငြာ အချုပ်ပို တို့တွင် တုပရောင်းချခြင်းမပြုလုပ်ရန် ကြော်ငြာထားကြောင်း ၊ တရားလိုရောင်းချနေသည့် ဗူးဒီဇိုင်း အမှတ်အသားနှင့် ပုံစံအရွယ်အစားတူသည့် အတွင်းခံဘောင်းဘီအမျိုးအစားကို တရားပြိုင်များက ROKERT အမည်ဖြင့် ဖြန့်ဖြူးရောင်းချနေကြောင်း ၊ ROKET တံဆိပ်ကိုသာ မှတ်ပုံတင်ထားပြီး ထုတ်ပိုးမှုပုံစံဒီဇိုင်းကို မှတ်ပုံတင်ထားခြင်းမရှိဘဲ တရားလို၏ ဗူးပုံစံနှင့် ဆင်တူယိုးမှားပြုလုပ်ထားကြောင်း၊ ထုတ်ပိုးမှုပုံစံပြောင်းလဲပေးရန် ဈေးကွက်အတွင်းမှ ပုံစံတူကုန်ပစ္စည်းများကို သိမ်းဆည်းပေးရန် ၂၄-၈-၂၀၁၆ ရက်နေ့က အကြောင်းကြားစာပေးပို့ခဲ့ရာ တရားပြိုင်များက ၎င်းတို့ကိုယ်ပိုင်စိတ်ကူးဖြင့် လုပ်ထားခြင်းဖြစ်ပြီး တုပပြုလုပ်ခြင်း မဟုတ်ဟု ၂၈-၈-၂၀၁၆ ရက်နေ့က ပြန်ကြားလာကြောင်း ၊ တရားပြိုင်တို့က ဈေးနှုန်းလျှော့ချရောင်းသဖြင့် ရောင်းအားကျဆင်းသွားခဲ့ပြီး (၁)လလျှင် ကျပ်သိန်း (၃၀) ခန့်ဆုံးရှုံးရကာ (၂၈) လအတွက် ကျပ်သိန်း (၈၄၀)ခန့်ဆုံးရှုံးကြောင်း တရားလို၏ဗူးဒီဇိုင်းကို တုပဖြန့်ဖြူး နေသည့် တရားပြိုင်များအား ဆက်လက်သုံးစွဲဖြန့်ဖြူးခြင်းမပြုရန် ထာဝရတားမြစ်မိန့်ချမှတ်ပေးသင့် ကြောင်း နစ်နာကြေးငွေကျပ် သိန်း (၁၀၂၀၀) ရထိုက်ကြောင်း အဆိုပြုသည်။

ချေလွှာတွင် တရားလိုဘက်အဆိုပြုချက်များကို တရားလိုက သက်သေပြရမည်ဖြစ် ကြောင်း၊ တရားပြိုင်များက ROCKET ကုန်အမှတ်တံဆိပ်ကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ် ၂၄၈၁/၂၀၁၆ ဖြင့် မှတ်ပုံတင်ထားပြီး ၊ သတင်းစာတွင် အသိပေးကြေညာကာ အသုံးပြု ခြင်းဖြစ်ကြောင်း ၊ တရားလို၏ ကုန်အမှတ်တံဆိပ်အား တုပဖြန့်ဖြူးရောင်းချခြင်းမရှိကြောင်း ၊ ကုန်အမှတ်တံဆိပ်များမှာ မျက်မြင်အနေအထားအရပင် ကွဲပြားကြောင်း ၊ တရားလိုသည် သာမာန် နစ်နာကြေးတောင်းဆိုခြင်းမဟုတ်၍ နစ်နာကြေး ခံစားထိုက်ခြင်းမရှိကြောင်း ချေပသည်။

အယူခံတရားလို ၊ အယူခံတရားပြိုင်၏ရှေ့နေ ဦးစောထိန်သိန်း မှ မူလရုံးတရားလိုသည် မန္တလေးမြို့ ၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် KLASOR တံဆိပ်အမည်ဖြင့် မှတ်ပုံတင်ပြီး အမျိုးသား အတွင်းခံဘောင်းဘီများ ရောင်းချသလို မူလရုံးတရားပြိုင်မှာလည်း ROCKET အမည်ဖြင့် မန္တလေးမြို့ ၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ပြီး အမျိုးသား/အမျိုးသမီး အတွင်းခံဘောင်းဘီများ ရောင်းချရာ KLASOR ဖူးခွံနှင့် ROCKET ဖူးခွံများမတူပါကြောင်း ၊ ကြော်ငြာမင်းသားမတူကြောင်း ၊ ဖူးဒီဇိုင်းထုတ်ပိုးမှုတူညီမှုသည် ဆင်တူယိုးမှားပြုလုပ်ခြင်းမဟုတ်ပါကြောင်း ၊ ဖူးဒီဇိုင်းထုတ်ပိုးမှုသည် တစ်ဦးတစ်ယောက်ပိုင်ဆိုင်မှုမဟုတ်ပါကြောင်း ၊ Daihatsu ကုမ္ပဏီနှင့် Suzuki ကုမ္ပဏီတို့သည် ထုတ်လုပ်သည့်ကားပုံစံတူပြီး ကုမ္ပဏီအမှတ်တံဆိပ်တွင် ကားရှေ့မီးလုံးကြား အလယ်တွင် ရေးထိုး ထား၍ ခွဲခြားသိမြင်နိုင်ပါကြောင်း ၊ တရားလို ၊ တရားပြိုင်တံဆိပ်တူညီမှုမရှိသဖြင့် ဝယ်သူကြား ထင်ယောင်ထင်မှားမဖြစ်စေပါကြောင်း ၊ ဆင်ဆူယိုးမှားတုပထုတ်လုပ်ခြင်းမရှိ၍ လျော်ကြေးမပေးသင့် ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံမှုအမှတ် ၄၅/၂၀၂၀ တွင် တရားလိုသည် KLASOR ကုန်အမှတ်တံဆိပ် မှတ်ပုံတင်သည့်နေ့ရက်မှာ ( ၁၀-၈-၂၀၁၆ ) ဖြစ်ပြီး တရားပြိုင် ROCKET ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်သည့်နေ့ရက်မှာ ( ၁၁-၈-၂၀၁၆ ) ဖြစ်၍ တရားပြိုင်သည် ကုန်အမှတ်တံဆိပ်ကို တုပပြုလုပ်ရန် အချိန်လုံလောက်မှုမရှိ၍ လည်းကောင်း ၊ တရားလိုတွင် ဘောင်းဘီရောင်းချရာတွင် မည်သည့်အချိန်က ဝင်ငွေမည်မျှရှိ၍ ရောင်းအားမည်သည့်အချိန်က ကျဆင်းလာပါကြောင်း သက်သေ တင်ပြနိုင်ခြင်းမရှိ၍ အယူခံမှုပလပ်ပေးရန် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင် ( အယူခံတရားလိုရှေ့နေ ဦးသန်းထွေး ) မှ မူလရုံးတရားပြိုင်သည် ( ၂၈-၈-၂၀၁၆ ) ရက်စွဲပါ ပြန်ကြားစာအရပင် တုပထုတ်လုပ်ကြောင်း ဝန်ခံပြီးဖြစ်ပါကြောင်း ၊ တရားလိုသည် ကုန်အမှတ်တံဆိပ်နှင့် ဖူးကြီး ၊ ဖူးသေး အရွယ်အစား(၂) မျိုးဖြင့် စုစုပေါင်း ဒီဇိုင်း (၄) ခု မှတ်ပုံတင်ခဲ့ကြောင်း ၊ တရားပြိုင်မှ ROCKET အမှတ်အသားတံဆိပ်သာ မှတ်ပုံတင်ခဲ့ပြီး ၊ KLASOR တံဆိပ်၏ဖူးခွံဒီဇိုင်းများအတိုင်း တုပဖြန့်ချိခဲ့ကြောင်း ၊ ဖူးခွံဒီဇိုင်းတူညီခြင်းကြောင့် သုံးစွဲသူသာမန် ပြည်သူအနေဖြင့် မခွဲခြားနိုင်သည့်အပြင် ခြားနားမှု ကို သတိပြုမိနိုင်လောက်အောင် ကွဲပြားမှုမရှိကြောင်း ထင်ရှားပါကြောင်း ၊ **ဦးမောင်မောင်(ခ) အလီဘိုင် နှင့် ဒေါ်ခင်သန်းမြင့်** အမှု [၁] ဆင်တူယိုးမှား ဖြစ်လောက်အောင် တူညီမှုရှိလျှင် အတုပြုလုပ်သည်ဟု ညွှန်ပြထားပါကြောင်း ၊ တရားလိုသည် ကုန်အမှတ်တံဆိပ်နှင့် ပတ်သက်သည့် အမှတ်အသားများကို မှတ်ပုံတင်စာချုပ်(၄)စောင်ဖြင့် မှတ်ပုံတင်ပြီးဖြစ်ပါကြောင်း ကုန်အမှတ်တံဆိပ်၏ မူပိုင်အခွင့်အရေး ရရှိပြီးဖြစ်ပါကြောင်း လျှောက်လဲ တင်ပြသည်။

နစ်နာကြေးငွေ သိန်း (၅၀၀) ပေးလျော်စေရန် ချမှတ်ထားသော ဒီကရီချမှတ်ထားသော် လည်း တရားလိုသည် တရားပြိုင်တို့၏ တုပထုတ်လုပ်ရောင်းချခဲ့ခြင်းကြောင့် တရားလို ကုန်ပစ္စည်းများ ရောင်းအားကျဆင်းခြင်းမှာ အငြင်းပွားခြင်းမရှိဘဲ ပေါ်ပေါက်နေကြောင်း ၊ ယခင်က တစ်လကျပ်သိန်း (၃၀၀)ခန့် ရောင်းချရသော်လည်း ယခုကျပ်သိန်း (၁၀၀)သာရောင်းချရ၍ ပုံမှန်ရောင်းချမှု၏ ထက်ဝက် (၅၀)%ထိ ကျဆင်းခဲ့ပါကြောင်း ၊ တရားလိုမှ တီဗွီကြော်ငြာခ သိန်း (၂၈၀၀)ခန့်ကုန်ကျခဲ့ကြောင်း ၊

---

၁။ ၁၉၉၅ ခုနှစ် ၊ မြန်မာနိုင်ငံတရားစီရင်ထုံး ၊ စာ -၉၇

တရားလို၏ ကိုယ်ပိုင်စိတ်ကူးဉာဏ်အသုံးပြုဖန်တီးခဲ့မှုအတွက် ကုန်ကျစရိတ်များထည့်သွင်းခြင်းမရှိကြောင်း၊ တရားပြိုင်တို့သည် တရားလို၏ ဖောက်သည်အဖြစ် တရားလို၏ပစ္စည်းများကို ဖြန့်ဖြူးရောင်းချပေးခြင်းဖြစ်၍ တံဆိပ်တုပပြီး အဝတ်အထည်ကို ယှဉ်ပြိုင်ရောင်းချခဲ့၍ များစွာဆုံးရှုံး နစ်နာပါကြောင်း၊ နစ်နာကြေးငွေကျပ်သိန်း ၅၀၀ ပေးလျော်စေရန် အမိန့်အားပယ်ဖျက်၍ တရားလို တင်ပြသည့် အတိုင်း ဒီကရီချမှတ်ပေးရန် လျှောက်ထားသည်။

ယခုအမှုတွင် တရားလိုထုတ်ပိုးရောင်းချသည့် KALSOR ဖူးခွံဒီဇိုင်းနှင့် တရားပြိုင်များကရောင်းချသည့် ဖူးဒီဇိုင်းပုံသဏ္ဌာန်တူ မတူ ၊ ဆင်တူယိုးမှားပြုလုပ်ခြင်း ရှိ မရှိ သုံးသပ်ရန်ဖြစ်သည်။

အမှုတွဲအား စိစစ်ရာ တရားလိုသည် ကျားခေါင်းပုံနှင့် KALSOR စာသားပါရှိသည့် ကုန်အမှတ်တံဆိပ်ကို ၁၇-၁၂-၂၀၁၃ ရက်နေ့ကတည်းက ရန်ကုန်မြို့တွင် မှတ်ပုံတင်ခဲ့ပြီး ၂၀၁၄ ခုနှစ် ၆ လပိုင်းမှ စတင်ဖြန့်ချီရာ တရားပြိုင်များသည်ပင် တရားလိုထံမှ ဝယ်ယူရောင်းချခဲ့သည်။ ယင်းသို့ ဝယ်ယူရောင်းချရာမှ တရားပြိုင်တို့သည် ဖူးခွံဒီဇိုင်းကို ပုံစံတူထုတ်လုပ်ရောင်းချကြောင်း စုံစမ်းသိရှိရသဖြင့် တရားလိုသည် တရားပြိုင်များကို ပြောကြားရာ ငြင်းဆိုသောကြောင့် တရားလိုသည် မန္တလေးမြို့ ၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၁၀-၈-၂၀၁၆ ရက်စွဲပါ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ကြေငြာစာတမ်း စာချုပ်တွင် ၂၄၅၉/၂၀၁၆ ၊ ၂၄၆၀/၂၀၁၆ ၊ ၂၄၆၁/၂၀၁၆ ၊ ၂၄၆၂/၂၀၁၆ ဖြင့် (၄)စောင် မှတ်ပုံတင်ခဲ့သည်။ တရားပြိုင်မှလည်း ၁၁-၈-၂၀၁၆ ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ် ၂၄၈၁/၂၀၁၆ ဖြင့် မှတ်ပုံတင်ခဲ့သည်။ ယင်းသို့ မှတ်ပုံမတင်ကြမီ တရားလိုမှ ထုတ်လုပ်ရောင်းချခဲ့သည့် KALSOR အမှတ်တံဆိပ်ဖြင့် အမျိုးသားဝတ်အတွင်းခံဘောင်းဘီ ဖူးဒီဇိုင်းကို တရားပြိုင်များမှ တုပထုတ်လုပ်ခဲ့ခြင်း ရှိ မရှိ စိစစ်ရာ ထုတ်ပိုးသည့် ဖူးခွံများဖြစ်၍ တရားလိုမှ ထုတ်ပိုးသည့် ဖူးခွံ သက်သေခံ(င-၄) (င-၅) ၊ (င-၆)၊ (င-၇) ၊ တရားပြိုင်များဘက်မှ ထုတ်ပိုးသည့် ဖူးခွံသက်သေခံ (စ-၄) ၊ (စ-၅) ၊ (စ-၆) ၊ (စ-၇) တို့တွင် ဖူး၏ ညာဘက် အထက်ထောင့်တွင် MEM's UNDERWEAR စာတမ်းရေးသားပုံ ၊ ဖူးအောက်ခြေတွင် ဝါးပင် နှင့် ဝါးကိုင်းမှအရွက်ထွက်သည့်ပုံ ၊ BAMBOO FIBR ဟူသော စာတမ်းရေးသားပုံ ၊ မင်းသား၏ ကိုယ်အနေအထား ဟန်အမူအရာတည်ရှိပုံ ၊ ဖူးဘယ်ဘေးအစွန်တွင် KALSOR , ROCKET ရေးသားပုံတို့သည် တူညီပြီး၊ ဖူးခွံအသေးကျောဘက်တွင် ပလပ်စတစ်အကြည်ကပ်ထားသည့် နေရာရှိပုံစံမှာ ဆဋ္ဌဂံ ပုံစံဖြစ်ပြီး၊ စာသားဖော်ပြသည့် အနေအထားပါ တူညီပြီး ၊ အောက်ခြေစာမျက်နှာစာပိုင်းတွင် EXAMINATION CERTIFICATE ဆိုင်ရာ စာရွက်များရေးသားဖော်ပြထားပုံ တူညီကြောင်း တွေ့ရှိရသည်။

တရားလို၏ဖူးဒီဇိုင်းထုတ်လုပ်သုံးစွဲမှုသည် ၂၀၁၄ ခုနှစ်ကတည်းက မှတ်ပုံတင်ထားခဲ့သည်ဖြစ်၍ တရားပြိုင်များ၏ ဖူးဒီဇိုင်းထုတ်လုပ်သုံးစွဲမှုထက် အချိန်ကာလစောသည်မှာ အမှုတွင်ထင်ရှားပြီးဖြစ်သည်။ အတုပြုလုပ်သည်ဆိုရာတွင် အရာဝတ္ထု၏ ပုံသဏ္ဌာန်ထပ်တူထပ်မျှတူရန်မလို ၊ မှားလောက်အောင်ဆင်တူယိုးမှားဖြစ်လျှင် လုံလောက်အကျုံးဝင်သည်ဟု ရာဇသတ်ကြီးပုဒ်မ ၂၈ တွင် ပြဋ္ဌာန်းထားသည်။ တုပမှုဖြစ်စေရန်အတွက် တံဆိပ်အစစ်နှင့်အတုသည် အသေးစိတ်အချက်အလက်အားလုံးထပ်တူ တူညီရန်မလို၊ အဆိုပါတံဆိပ် (၂)ခု တူနေခြင်းသည် အချင်းဖြစ်ကုန်ပစ္စည်းကို ရောင်းချရန် ရည်စူးထားသော လူများအား လှည့်ဖြားရန် စီမံပြုလုပ်ထားသည်ဟု သဘောရရှိလျှင်

တုပမှုဖြစ်ရန် လုံလောက်ကြောင်း GAW SHAN SOOT vs E . C . MADHA BROTHERS အမှု [၂] တွင် ထုံးဖွဲ့ထားသည်။

ယခုအမှုတွင် တရားပြိုင်များ၏ ဖူးဒီဖိုင်းသည် တရားလို၏ ဖူးဒီဖိုင်းအား တုပပြီး ထုတ်လုပ်ရောင်းချနေသည်ဟု ထင်ရှားသည်။

ယခုအမှုတွင် တရားလိုသည် ကုန်အမှတ်တံဆိပ် ပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်း၍ တရားပြိုင်များထက် ဦးစွာသုံးစွဲသူဖြစ်ပြီး တရားလို၏ အမျိုးသားအတွင်းခံအား ထုပ်ပိုးသည့် ဖူးများကို တရားပြိုင်များမှ တစ်ဆင့်ဝယ်ယူရောင်းချရာမှ နောက်ပိုင်းတွင် ဖူးဒီဖိုင်းကို တုပပြုလုပ်ရောင်းချခြင်းကြောင့် တရားလို၏အခွင့်အရေး ၊ ခံစားခွင့်တို့ကို ထိပါးစေခြင်းကြောင့် ထာဝရတားဝရမ်းထုတ်ဆင့်ရမည်ဖြစ်သည်။

တရားလိုရှေ့နေသည် တရားလိုသည် ငွေကြေးများစွာ အကုန်ကျခံပြီး ဈေးကွက်တွင် ထိုးဖောက်ရန် ကြော်ငြာရခြင်း ၊ ရောင်းအားကျဆင်းသွားခြင်းကြောင့် လျော်ကြေးငွေကျပ် သိန်း (၅၀၀) ချမှတ်ခြင်းကို ပြင်ဆင်ပေးရန် လျှောက်ထားသည်။ သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်သည် ၎င်းထိန်းသိမ်းစောင့်ရှောက်လာသည့် ကုန်အမှတ်တံဆိပ်အား အခြားသူတစ်ဦးက လွယ်လင့်တကူ ယူငင်သုံးစွဲခြင်း ၊ ဆင်တူယိုးမှားပြုလုပ်ဖန်တီး ရောင်းချခြင်းပြုလုပ်ပါက မူလတံဆိပ်အမှတ်ပိုင်ရှင်တွင် များစွာဆုံးရှုံးစေမည်ဖြစ်သည်။ သို့ပါ၍ တရားလိုနစ်နာမှုအတွက် လျော်ကြေးပေးသင့်သည့် တရားပြိုင်၏ မတရားသောပြုလုပ်မှုအတွက် တရားလိုတွင် နစ်နာမှုအတွက် ဥပဒေကခွင့်ပြုသော လျော်ကြေးငွေမှာ အထွေထွေလျော်ကြေးဖြစ်သည်။ အထွေထွေလျော်ကြေးငွေမှာ တရားပြိုင်၏ မတရားသောပြုမူချက်ကြောင့် တရားလိုတွင် နစ်နာခဲ့သည့်အလျောက် လျော်ကြေးငွေရထိုက်သည်ဟု ဥပဒေကခွင့်ပြုထားသည့် လျော်ကြေးငွေပင်ဖြစ်သည်။ ထိုလျော်ကြေးငွေနှင့်ပတ်သက်၍ တရားလိုသည် ၎င်းအဆိုလွှာ၌ပင် တစ်လုံးတစ်ခဲတည်း ခန့်မှန်းကာ ဖော်ပြနိုင်သည်။ ထိုလျော်ကြေးငွေအား တွက်ချက်ရန် တာဝန်မှာ တရားရုံးအပေါ်၌တည်ရှိသည်။ ဒေါ်မိမိကျော် / ဦးကျော်လှ (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးကျော်ညွန့်) နှင့် ဒေါ်နန်းအေးအေး အမှု [၃] တွင်ကြည့်ပါ။

ယခုအမှုတွင် တရားလိုရောင်းချရသည့် ဘောင်ချာစာရင်းများကို သက်သေခံအဖြစ် တင်ပြခဲ့သည်။ ဘောင်ချာစာရင်းများဖြစ်သည့် သက်သေခံ(ဒ) မှ (ဒ-၁၂) ထိ ပြေစာများတွင် ၂၀၁၈ ခုနှစ် အတွင်းပြေစာ (၆)စောင်ပါရှိသည်။ တရားစွဲဆိုသည့်နေ့သည် ၁၂-၁၂-၂၀၁၈ ဖြစ်သည်။ တရားလိုမှ တရားပြိုင်များအား ပုံစံတုပထုတ်လုပ်ရောင်းချခြင်းမပြုရန် တားမြစ်အကြောင်းကြားစာပေးပို့သောနေ့မှာ ၂၄-၈-၂၀၁၆ ဖြစ်သည်။ သက်သေဖြစ်သော ပြေစာများသည် ၂၀၁၈ ခုနှစ် ၊ ၇ လပိုင်း ၊ ၁၁ လပိုင်း ၊ ၁၂ လပိုင်း ပြေစာများဖြစ်သည်။ ထိုပြေစာများအရ ရောင်းချရတန်းဖိုးငွေများ လျော့နည်းကျဆင်းခြင်းမရှိကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် မူလတရားရုံးက တရားလိုတွင် လစဉ်ကျပ်သိန်း (၃၀)နစ်နာဆုံးရှုံးကြောင်း ထင်ရှားမှုမရှိခြင်းဟု သုံးသပ်ခြင်းသည် မှားယွင်းမှုမရှိချေ။ ထို့ပြင် တရားလို၏ ကိုယ်ပိုင်

၂။ ၁၉၅၂ ခုနှစ် ၊ မြန်မာနိုင်ငံတရားစီရင်ထုံး ၊ စာ -၁၁၆

၃။ ၁၉၉၅ ခုနှစ် ၊ မြန်မာနိုင်ငံတရားစီရင်ထုံး ၊ စာ - ၉၇

စိတ်ကူးဉာဏ်ကိုအသုံးပြု၍ တီထွင်ဖန်တီးခဲ့မှု ၊ ငွေကြေးအကုန်ကျခံ၍ လူသိများအောင် ကြော်ငြာခဲ့မှု ၊ ဈေးကွက်အတွင်းထိုက်သင့်သည့် အနေအထားဖြင့် ရပ်တည်နိုင်ခဲ့မှုတို့နှင့် ထိုအခြေအနေပေါ်ထိပါးခံရမှု ပေါ်မူတည်ပြီး လျော်ကြေးပဏာမချင့်ချိန်ပြီး ငွေကျပ် သိန်း (၅၀၀) ချမှတ်ခြင်းသည် မှန်ကန်မျှတမှု ရှိပေသည်။

သို့ဖြစ်၍ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က တရားပြိုင်များသည် တရားလို၏ အမျိုးသားအောက်ခံဘောင်းဘီဖူးဒီဇိုင်းများကို တုပပြုလုပ်ရောင်းချခြင်းကြောင့် ထာဝရတားဝရမ်းရရှိ ထိုက်ကြောင်း နှင့် တရားလို၏နစ်နာကြေးအတွက် ငွေကျပ် သိန်း (၅၀၀) ကို တရားပြိုင်များက ပေးလျော်စေရန်ချမှတ်သည့် စီရင်ချက်နှင့်ဒီကရီသည် မှားယွင်းသည်ဟု မဆိုနိုင်သဖြင့် ဤရုံးက ဝင်ရောက် စွက်ဖက်ရန် အကြောင်းမရှိပေ။

ထို့ကြောင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြုပြီး ဤတရားမအယူခံမှုများအား ပလပ်သည်။

ရှေ့နေစရိတ်ကျပ် ၃၀၀၀ဝိ သတ်မှတ်သည်။

(မျိုးတင့်)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး